Form (2

Sr. No. 3414-E

Dated 13-3-20

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 571/2013

Date 13 March 2013

The Myanmar Investment Commission issues this Permit under Section 13(b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. MOK CHAM HUNG, CHADWICK

(b) Citizenship BRITISH

(c) Address 4A, 20 BABINGTON PATH, HONG KONG

(d) Name and Address of principal organization E & E MAGNETIC HOLDINGS LTD., 1/F, HARBOUR VIEW 1, NO. 12 SCIENCE PARK EAST AVENUE, PHASE II, HONG KONG SCIENCE PARK, SHATIN, NEW TERRITORIES, HONG KONG

(e) Place of incorporation BRITISH VIRGIN ISLANDS

(f) Type of business in which investment is to be MANUFACTURING FOR MAGNETIC AND ELECTRONIC PRODUCTS ON CMP BASIS

(g) Place(s) at which investment is permitted PLOT NO. 240, KANAUNG MIN THAR GYI STREET, HLAING THAYAR INDUSTRIAL ZONE, HLAING THAYAR TOWNSHIP, YANGON REGION

(h) Amount of foreign capital US$3.00MILLION

(i) Period for bringing in foreign capital WITHIN (2) YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$3.00MILLION

(k) Construction period 3MONTHS

(l) Permitted duration of investment 20 YEARS

(m) Form of investment WHOLLY FOREIGN OWNED INVESTMENT

(n) Name of the economic organization to be formed in Myanmar E & E MAGNETIC PRODUCTS (MYANMAR) LIMITED

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၅၇၁/၂၀၁၃ ၂၀၁၃ ခုနှစ်၊ မတ် လ ၁၃ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ (၁၃)ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. MOK CHAM HUNG, CHADWICK

(ခ) နိုင်ငံသား BRITISH

(ဂ) နေရပ်လိပ်စာ 4A, 20 BABINGTON PATH, HONG KONG

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ E & E MAGNETIC HOLDINGS LTD., 1/F. HARBOUR VIEW 1, NO. 12 SCIENCE PARK EAST AVENUE, PHASE II, HONG KONG SCIENCE PARK, SHATIN, NEW TERRITORIES, HONG KONG

(င) ဖွဲ့စည်းရာအရပ် BRITISH VIRGIN ISLANDS

(စ) ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် သံလိုက်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ် ၂၄၀၊ ကနောင်မင်းသားကြီးလမ်း၊ လှိုင်သာယာစက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၃.၀၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင် ခွင့်ပြုမိန့် ရရှိပြီး (၂)နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၃.၀၀သန်း နှင့်ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၃လ

(ဌ) ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်း ၂၀နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် စီးပွားရေး အဖွဲ့အစည်းအမည် E & E MAGNETIC PRODUCTS (MYANMAR) LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
Building No.(32), Nay Pyi Taw

Our ref : Ya Ka-1/Na-759/2013(3414-E)
Dated : 13 March 2013

Tel: 067- 406334, 406075
Fax: 95-67-406333

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing of Magnetic and Electronic Products on CMP Basis" under the name of "E & E Magnetic Products (Myanmar) Limited"**

Reference: E & E Magnetic Products (Myanmar) Limited Letter dated (20.12.2012).

1. The Myanmar Investment Commission, at its meeting (10/2013) held on (13-3-2013) had approved the proposal for investment in "Manufacturing of Magnetic and Electronic Products on CMP Basis" under the name of "E & E Magnetic Products (Myanmar) Limited" submitted by E & E Magnetic Holdings Limited incorporated in British Virgin Islands as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Republic of the Union of Myanmar Foreign Investment Law and Chapter VIII, Rule 48 of the Foreign Investment Rules relating to the said Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 20(Twenty) years for commencing from the date of signing of the Lease Agreement for land and buildings and extendable for another 5(Five) years period by mutual agreement between U Than Maung, U Hla Thaung, Daw Myint Myint Win, Daw Khin Thein, Daw Khin Htar Yee, Daw Thein Thein Mya and E & E Magnetic Products (Myanmar) Limited. At the end of the Lease Agreement for land and buildings, E & E Magnetic Products (Myanmar) Limited shall transfer the leased land and buildings to the lessor within 3(three) months in good condition, ground damages having been refilled and repaired.

4. The annual rent for the land and buildings shall be calculated at the rate of US$ 42,155 (United States Dollar forty-two thousand, one hundred and fifty-five only) calculated at the rate of US$7.659 per square metre per year of the Land measuring 5,504 square metres(1.471 acres). The rate of rent shall be revised in view of prevailing land and buildings lease rates after every 2 years period and increase of the rent shall not be more than 15% of the preceding annual rent.

5. In issuing this "Permit," the Commission has granted, the followings, exemptions and reliefs as per section 27(a) (h) (i) and (k) of the Republic of the Union of Myanmar Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section-27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section-27(h), exemption or relief from customs duty or other internal taxes or both on machineries, equipments, instruments, machinery components, spare parts and materials used in the business which are imported as they are actually required for used during the period of construction of business;

(c) As per section-27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section- 27(k), exemption of relief from commercial tax on the goods produced for export.

6. E & E Magnetic Products (Myanmar) Limited shall have to sign the Lease Agreement for Land and Buildings with U Than Maung, U Hla Thaung,Daw Myint Myint Win, Daw Khin Thein, Daw Khin Htar Yee and Daw Thein Thein Mya. After signing such Agreement, (5) copies shall have to be forwarded to the Commission.

7. E & E Magnetic Products (Myanmar) Limited in consultation with the Department of Company Registration, Directorate of Investment and Company

Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum and Articles of Association shall have to be forwarded to the Commission.

8. E & E Magnetic Products (Myanmar) Limited has to abide by Chapter X, Rules 56 and 57 of the Foreign Investment Rules for construction works.

9. As per Chapter X, Rule 59 of the Foreign Investment Rules, extension of construction period shall not be granted more than once except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

10. As per Chapter X, Rule 61of the Foreign Investment Rules, if the investor cannot construct completely in time the construction period or extension period, the Commision will have to terminate the permit issued to the investor and there is no refund for the expenses of the project.

11. The commercial date of operation shall be reported to the Commission.

12. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI section 24 and section 25 of the Republic of the Union of Myanmar Foreign Investment Law and the investor has to follow the existing Labour Laws for the recruitment of staff and labour in accordance with Chapter XIII Rule 81 of the Foreign Investment Rules.

13. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV section 37 of the Republic of the Union of Myanmar Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI Rules 133 and 134 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under section 2(i) of the said Law, other than foreign currency.

14. E & E Magnetic Products (Myanmar) Limited brings in foreign capital defined under section 2(i) of the said Law, other than foreign currency in the manner stated in paragraph 13(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

15. E & E Magnetic Products (Myanmar) Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI Rule 137 of the Foreign Investment Rules and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII Rule 149 of the Foreign Investment Rules.

16. E & E Magnetic Products (Myanmar) Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost over run, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

17. E & E Magnetic Products (Myanmar) Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per comments made by Ministry of Environmental Conservation and Forestry in which to conduct Environmental Impact Assessment (EIA) process and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted and to perform activities in accordance with this EMP and to abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

18. Payment of principal and interest of the loan(if any) as well as payment for import of raw materials and spare parts etc., shall only be made out of the official foreign exchange earnings of E & E Magnetic Products (Myanmar) Limited.

19. E & E Magnetic Products (Myanmar) Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rules 77 and 78 of the Foreign Investment Rules.

(Soe Thane)
Chairman

E & E Magnetic Products (Myanmar) Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Office of the Yangon Region Government
3. Ministry of National Planning and Economic Development
4. Ministry of Finance and Revenue
5. Ministry of Commerce
6. Ministry of Foreign Affairs
7. Ministry of Home Affairs
8. Ministry of Immigration and Population
9. Ministry of Labour, Employment and Social Security
10. Ministry of Electric Power
11. Ministry of Environmental Conservation and Forestry
12. Chairman, CMP Enterprises Supervision Committee
13. Director General, Directorate of Investment and Company Administration
14. Director General, Directorate of Industrial Supervision and Inspection
15. Director General , Department of Human Settlements & Housing Development
16. Director General, Customs Department
17. Director General, Internal Revenue Department

18. Director General, Directorate of Trade
19. Director General, Immigration and National Registration Department
20. Director General, Directorate of Labour
21. Managing Director, Myanma Foreign Trade Bank
22. Managing Director, Myanma Investment and Commercial Bank
23. Managing Director, Myanma Insurance
24. Managing Director, Myanma Electric Power Enterprise
25. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

759

M.3713
20/12

255055, 255100

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

"အီး အန် အီး မဂ္ဂနက်တစ် ပရောဒက်(စ်) မြန်မာ လီမိတက်"

PROPOSAL OF THE INVESTOR TO MAKE FOREIGN INVESTMENT IN THE UNION OF MYANMAR

"E & E MAGNETIC PRODUCTS (MYANMAR) LIMITED"

- CMP Contract

24th

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရကက- ၆(ခ)/န-၇၅၉/၂၀၁၃(၃၂၉၇)
ရက်စွဲ၊ ၂၀၁၃ ခုနှစ် မတ်လ ၁၂ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **E & E Magnetic Products (Myanmar) Ltd. မှ CMP စနစ်ဖြင့် သံလိုက်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ British Virgin Islands တွင် ဖွဲ့စည်းတည်ထောင်ထားသည့် ဟောင်ကောင် အခြေစိုက် E & E Magnetic Holdings Ltd. သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် E & E Magnetic Products (Myanmar) Ltd. တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၂၄၀) ရှိ မြေ ၁.၄၇၁၈ဧက (၅,၅၀၄စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား ငှားရမ်း၍ CMPစနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင်များဖြစ်သော ဦးသန်းမောင်၊ ဦးလှသောင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်ထားရီ၊ ဒေါ်သိန်းသိန်းမြတို့နှင့် E & E Magnetic Products (Myanmar) Ltd. တို့ ချုပ်ဆိုမည့် မြေနှင့်အဆောက်အဦ ငှားရမ်းခြင်းစာချုပ် (မူကြမ်း)နှင့် အဆောက်အဦဓါတ်ပုံ၊ မြေငှားဂရန် မိတ္တူနှင့် လုပ်ငန်းတည်နေရာပြ မြေပုံတို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ US$ ၃.၀၀၀ သန်း ဖြစ်ပြီး ၎င်းတွင် ငွေသား US $ ၁.၇၀၀ သန်းနှင့် ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်း တန်ဘိုး US $ ၁.၂၀၃ သန်း နှင့် ပြည်တွင်းမှ ဝယ်ယူမည့် မော်တော်ယာဥ် တန်ဘိုး US $ ၀.၀၉၇သန်း တို့ပါဝင်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး(၂၀)နှစ် ဖြစ်ပြီး တည်ဆောက်မှုကာလမှာ (၃)လ ဖြစ်ကြောင်း၊ ကော်မရှင်ခွင့်ပြုမိန့် ရရှိပြီးပါက လုပ်ငန်းစတင် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၄၀၃)ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၁၅)ဦး စုစုပေါင်း (၄၁၈)ဦး ခန့်ထားမည် ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ US $၁၂၀(ညီမျှသောကျပ်၁၀၂,၀၀၀)ဖြစ်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်မည့် မြေ ၁.၄၇၁ဧက (၅,၅၀၄စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား တစ်နှစ်ကို တစ်စတုရန်းမီတာလျှင် US$ ၇.၆၅၉ နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပြီး၊ တစ်နှစ်လျှင် စုစုပေါင်း ငှားရမ်းခ US$ ၄၂,၁၅၅ ရရှိမည် ဖြစ်ပါသည်။

၇။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အဆိုပြုမြေနေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိစီမံကိန်းကို ထိခိုက်မှုမရှိပါကြောင်း၊ မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်းနှင့် စက်မှုဇုန်မြေဖြစ်၍ စက်ရုံအတွက် သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၃)(၃၁-၁-၂၀၁၃)မှ သဘောတူညီပြီးဖြစ်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(က)**

၈။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ကုန်ပစ္စည်းများအား အမေရိကန်နိုင်ငံမှ အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် UL Group (ဟောင်ကောင်)မှ အရည်အသွေး စစ်ဆေးပေးမည်ဟု သိရှိပါကြောင်း၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီပါက ကန့်ကွက်ရန်မရှိပါကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ခ)**

၉။ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိပါကြောင်း၊ CMP လက်ခနှုန်းထားများမှာလည်း ဆီလျော်မှုရှိပါကြောင်း၊ နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အား အချိုးအစား ညီညွတ်မှု ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်သမားများ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လင်း၍ ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူ ပြုနိုင်သဖြင့် CMP စနစ်ဖြင့် သံလိုက်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်

ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဂ)**

၁၀။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ အလုပ်သမားများဘေးအန္တရာယ် ကျရောက်မှု မရှိစေရေးနှင့် နစ်နာမှုမရှိစေရေးအတွက် ပတ်ကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)၊ ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ခြင်း (Health Impact Assessment)၊ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (Social Impact Assessment) တို့ကို စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်းနှင့် မသက်ဆိုင်သည့်အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်များ (Third Party)အား ပြုလုပ်ဆောင်ရွက်စေပြီး အစီရင်ခံစာ တင်ပြရန်၊ ယင်းဆန်းစစ်ခြင်းအစီရင်ခံစာတွင် အလုပ်သမားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စက်ရုံ၏ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာစီမံခန့်ခွဲမှုများနှင့် ပတ်သတ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပုံမှန်တင်ပြ အစီရင်ခံခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးလုပ်ငန်းနှင့် ပတ်ဝန်ကျင်ထိန်းသိမ်းရေးအတွက် ကျခံမည့်ကုန်ကျစရိတ်များ ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံချက် (Environmental Management Plan-EMP)ရေးဆွဲတင်ပြရန်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးအတွက် အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက်အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံအား တည်ဆောက်ရန်နှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေတို့နှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဃ)**

၁၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆိုပြုမြေနှင့် အဆောက်အဦများကို မြေဂရန်အမည်ပေါက် ဦးသန်းမောင်+၅ ထံမှ E & E Magnetic Products (Myanmar) Ltd. သည် ငှားရမ်း အသုံးပြုထားခြင်းဖြစ်ပြီး၊ ယင်းငှားရမ်းမှုကို ကန့်ကွက်ရန်မရှိကြောင်းနှင့် အဆိုပြုမြေနေရာသည် လုပ်ငန်းဆောင်ရွက်နိုင်သော မြေအမျိုးအစားဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သည်ဟု ယူဆပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(င)**

၁၂။ လုပ်ငန်းမှ ထွက်ရှိသော ကုန်ချောများကို ပြည်ပသို့ ၁၀၀% တင်ပို့မည်ဖြစ်ပါသည်။ ထုတ်လုပ်မည့် ပစ္စည်းများ၏ နမူနာ ဓါတ်ပုံမိတ္တူများကို ပူးတွဲတင်ပြ ထားပါသည်။ (၆)နှစ်မြောက် နှစ်၏ ထုတ်လုပ်မှု အရေအတွက်နှင့် CMP လက်ခနှုန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

အမျိုးအမည်	CMPလက်ခနှုန်း (US $)	ထုတ်လုပ်မှု (Pcs)
(က) Networking Dicretes	၀.၂၁၀	၁၀,၂၃၀,၀၀၀
(ခ) Integrated Connectors	၀.၁၆၈	၁၂,၇၈၈,၀၀၀
(ဂ) Telecom Dicrete	၀.၀၄၂	၃၄,၁၀၂,၀၀၀
(ဃ) Power Magnetics	၀.၀၄၂	၃၄,၁၀၂,၀၀၀

၁၃။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် (၆)နှစ်မြောက်တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

	US $ (သန်း)
(က) ဝင်ငွေ	၇.၁၆၁
(ခ) အသုံးစရိတ်	၆.၇၀၅
(ဂ) အသားတင်အမြတ်	၀.၄၅၆

၁၄။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၅)နှစ်(၁၀)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၂၃% ဖြစ်ပါသည်။ အမေရိကန် တစ်ဒေါ်လာလျှင် ၈၅၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၅။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US $ (၀.၁၅၂) သန်း ရရှိမည် ဖြစ်ပါသည်။

၁၆။ ကုမ္ပဏီ၏ ငွေရေးကြေးရေး အထောက်အထားအဖြစ် Elec & Eltek International Holding Ltd. အမည်ဖြင့် ဟောင်ကောင်ရှိ The Hongkong and Shanghai Banking Corporation Ltd. တွင် (၁၈-၁၂-၂၀၁၂) ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၃,၀၁၃,၂၁၆ ရှိကြောင်း ထောက်ခံစာ၊ E & E Magnetic Holdings Ltd. ကို ဟောင်ကောင်တွင် ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၀၆၁၁၁၆ (၃-၁၁-၂၀၀၆) ရက်စွဲဖြင့် မှတ်ပုံတင်ထားသည့် အထောက်အထား၊ ဒါရိုက်တာ အဖွဲ့ဝင်များ၏ Passport မိတ္တူများကို တင်ပြထားပါသည်။ E & E Magnetic Products (Myanmar) Ltd. မှ ဝန်ထမ်းများ၏ လုပ်ခလစာ တစ်နှစ်ရငွေ ကျပ်တစ်ဆယ့်လေးသိန်း လေးသောင်းထက် ကျော်လွန်ပါက ဝင်ငွေခွန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာ၊

စက်ရုံဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီမံချက်နှင့် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်တို့ကို တင်ပြထားပါသည်။

၁၇။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၁/၂၀၁၃ ဖြင့် ထုတ်ပြန်ထားသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၈။ သို့ပါ၍ E & E Magnetic Products (Myanmar) Ltd. တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၂၄၀) ရှိ မြေ ၁.၄၇၁ဧက (၅,၅၀၄စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအားငှားရမ်း၍ CMP စနစ်ဖြင့် သံလိုက်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	E & E Magnetic Products (Myanmar) Ltd.	(၁) Mr. Mok Cham Hung, Chadwick Director British P. P No. 707492837	No.4A, 20 Babington Path, Hong Kong, Republic of China
		(၂) Mr. Chan Wai Leung Director Chinese P. P No. K 02582256	8B, Claymore Garden, No.3 Lok Fung Path, Fotan Shatin, New Territories, Hong Kong, Republic of China
		(၃) Mr. Ng King Sun Director Chinese P. P No. K 00217910	10B, Block 1, Monte Vista, 9 Sha On Street, Ma On Shan, New Territories, Hong Kong, Republic of China

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် -

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - Plot No. 240, Kanaung Min Thar Gyi Road, Hlaing Thar Yar Industrial Zone-2, Hlaing Thar Yar Township, Yangon Region

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - Daw Cho Cho Aung
Consultant

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - CMP စနစ်ဖြင့် သံလိုက်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး
စာအမှတ် ၀၄၆၅
ရက်စွဲ ၁၃/၂/၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၅) / စီးပွား

ရက် စွဲ ၊၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇. ၁၂. ၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(ခ) / န - ၇၅၉ / ၂၀၁၂ (၁၂၈၆၀-က)

၁။ ဟောင်ကောင်မှ E & E Magnetic Holdings Ltd သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် E & E Magnetic Products(Myanmar) Ltd တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၂၄၀)ရှိ မြေ(၁. ၄၇၁၈ဧက)အား ငှားရမ်းပြီး CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ် ပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းအားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်း စာဖြင့် အကြောင်းကြားလာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထား မှတ်ချက်တင်ပြအပ်ပါသည် -

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် စက်မှုဇုန်မြေဖြစ်သဖြင့် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိ စီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။ အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြေနှင့်အဆောက် အဦပိုင်ရှင် ဦးသန်းမောင်ပါ(၅)ဦးထံမှ ဟောင်ကောင်နိုင်ငံသား Mr.Mork က ငှားရမ်းခ အဖြစ်မြေတစ်စတုရန်းမီတာအတွက် အမေရိကန်ဒေါ်လာ(၇. ၆၈)ဒေါ်လာနှုန်းဖြင့် (၁၀)နှစ် စာချုပ် ချုပ်ဆိုငှားရမ်းထားပါသည်။

(ခ) အဆိုပြုလုပ်ငန်းလည်ပတ်လုပ်ကိုင်ပါက လုပ်သားအင်အား(၁၃၁၃)ဦးအလုပ်ခန့်ထား နိုင်မည် ဖြစ်သဖြင့် မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါသည်။

(ဂ) ဖော်ပြပါမြေနေရာသည် စက်မှုဇုန်မြေဖြစ်သဖြင့် စက်ရုံအတွက်သုံးစွဲခြင်းအပေါ် ဒေသခံ များက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

(ဃ) အဆိုပြုလုပ်ငန်းမှာ သဘာဝပတ်ဝန်းကျင်အား ထိခိုက်နိုင်မှုမရှိပါ။

၂။ အထက်ဖော်ပြပါအချက်များကြောင့် ၃၁. ၁. ၂၀၁၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၃) ဆုံးဖြတ်ချက်အပိုဒ် (၇၆) အရ ဟောင်ကောင်မှ E & E Magnetic Holdings Ltd သည် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် E & E Magnetic Products (Myanmar) Ltd တည်ထောင်၍ လုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူ

ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး
လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး
E & E Magnetic Products (Myanmar) Ltd
လက်ခံစာတွဲ
မျှောစာတွဲ

M. 203
151

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ရုံးအမှတ်(၄၁)နေပြည်တော်

စာအမှတ်၊ ၁၅၁၅(၅) မပတ-၁/၃/ ၂၀၁၃ (၁၂၈)

ရက် စွဲ ၊ ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ ၁၄ ရက်

အကြောင်းအရာ။ **E & E Magnetic Products (Myanmar) Ltd. မှ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်နှင့်ပတ်သက်၍ သဘောထားမှတ်ချက်တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇.၁၂.၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(ခ)/န-၇၅၉/၂၀၁၂ (၁၂၈၆၀-င)

၁။ ဟောင်ကောင်မှ E & E Magnetic Holdings Ltd. သည် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် E & E Magnetic Products (Myanmar) Ltd. တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ် (၂၄၀)ရှိ မြေ ၁.၄၇၁ ဧက အား ငှားရမ်းပြီး CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့်အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလာခြင်းအပေါ် ကော်မရှင်မှသဘောထား မှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

စိစစ်တင်ပြချက်

၂။ E & E Magnetic Products (Myanmar) Ltd. မှ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု CMPစနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့်အီလက်ထရောနစ် ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) လုပ်ငန်းရည်ရွယ်ချက် - နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေများရရှိစေရန်နှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်

(ခ) လုပ်ငန်း/စက်ရုံအမည် - E & E Magnetic Products (Myanmar) Ltd. သံလိုက်နှင့်ပတ်သက်သောဆက်စပ်ပစ္စည်းများနှင့်အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း

(ဂ) တည်နေရာနှင့် အကျယ်အဝန်း - (၁) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ် (၂၄၀)

(၂) မြေ ၁.၄၇၁ ဧက

(ဃ) ပိုင်ရှင်အမည်/ရာထူး - Mr. Mok Cham Hung Chadwick (Director) (British)

(င) စက်ကိရိယာတပ်ဆင်မှု - နောက်ဆက်တွဲ (ပူးတွဲပါ)

(စ) လုပ်ငန်းအမျိုးအစား - CMPစနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သောဆက်စပ်ပစ္စည်းများနှင့်အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း

(ဆ) ကုန်ကြမ်းအမျိုးအမည် - နောက်ဆက်တွဲ (ပူးတွဲပါ)

(ဇ) ထုတ်ကုန်အမျိုးအစား - Networking Dicretes , Integrated Connectors, Telecom Dicretes , Power Magnetics

(ဉ) တစ်နှစ်ကုန်ချောထုတ်လုပ်မှု- နှင့်တန်ဖိုး

Networking Dicretes	1409000 Pcs	US$ 281800
Integrated Connectors	1761000 Pcs	US$ 281760
Telecom Dicretes	4696000 Pcs	US$ 187840
Power Magnetics	4696000 Pcs	US$ 187840

(ည) ရင်းနှီးမြှုပ်နှံမှု - US$ 3000000

နိုင်ငံသားရင်းနှီးမြှုပ်နှံမှု/ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဋ) ဖြန့်ဖြူးမည့်ဒေသ နှင့်ဈေးကွက် - ပြည်ပ

(ဌ) အလုပ်သမားဦးရေ - ပြည်တွင်း (၄၀၃) ဦး၊ ပြည်ပ (၁၅) ဦး
- ၄၁၈ ဦး

သုံးသပ်တင်ပြချက်

၃။ သို့ဖြစ်ပါ၍ E & E Magnetic Products (Myanmar) Ltd.မှ သံလိုက်နှင့်ပတ်သက်သောဆက်စပ်ပစ္စည်းများနှင့်အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်ပတ်သက်၍ -

(က) ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု CMPစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်း ဖြစ်ပါသည်၊

(ခ) အဆိုပြုလုပ်ငန်းအတွက် အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများအား ဟောင်ကောင်ရှိ E & E Magnetic Holdings Ltd.မှတင်သွင်းပြီး ကုန်ချော၁၀၀%အား အဆိုပါကုမ္ပဏီသို့ ပြန်လည်တင်ပို့မည်ဖြစ်ပါသည်၊

(ဂ) Computer & Networking System တွင် အသုံးပြုမည့်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းဖြစ်ပါသည်၊

(ဃ) အဆိုပြု E & E Magnetic Holdings Ltd.သည် Quality Management System Registration Certificate နှင့် Environmental Management System Certificate များ ရရှိထားကြောင်းသိရှိရပါသည်၊

(င) ထုတ်ကုန်ပစ္စည်းများအား အမေရိကန်နိုင်ငံမှအသိအမှတ်ပြုလက်မှတ် (Certificate)ရရှိထားသည့် UL Group(ဟောင်ကောင်)မှ အရည်အသွေးစစ်ဆေးပေးမည်ဟု သိရှိရပါသည်။

(င) တည်ဆဲဥပဒေများနှင့်ညီပါက ကန့်ကွက်ရန် မရှိကြောင်း သုံးသပ်အပ်ပါသည်။

၄။ သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

စိုးလှိုင်
ညွှန်ကြားရေးမှူးချုပ်

စက်မှုဝန်ကြီးဌာန

မိတ္တူကို

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄-အလ/ခွဲ(၂) ၂၀၁၃ (၅၁၇)
ရက် စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **E&E Magnetic Products (Myanmar) Limited မှ CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်အပေါ် သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၅.၁.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ရက-၆(ခ)/န-၇၅၉/၂၀၁၃(၈၂၈-က)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၂၄၀)ရှိ မြေ နှင့် အဆောက်အဦးအား ငှားရမ်း၍ ဟောင်ကောင်နိုင်ငံမှ E&E Magnetic Products (Myanmar) Ltd အမည်ဖြင့် ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြီး CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်း များထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်တင်ပြမှုအပေါ် CMPလုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး (လျှပ်စစ်) ဦးထွန်း အောင်ကျော်တို့သည် ၁၈.၁.၂၀၁၃ ရက်နေ့ (၁၃:၃၀) နာရီတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းခဲ့ ပါသည်။

၂။ E&E Magnetic Products (Myanmar) Limited ၏ အဆိုပြုချက်အား အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည် -

(က) **C.M.P ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှုအချိုးအစား ညီညွတ်မှု ရှိ/မရှိ**

အဆိုပြုချက်ပါ Networking Dicretes, Integrated Connectons, Telecom dicrete နှင့် Power Magnetics များထုတ်လုပ်ရန် ဖော်ပြထားပြီး ၎င်းပစ္စည်းများသည် တိုက်ရိုက်အသုံးပြုနိုင်သော ကုန်ချောပစ္စည်းများ မဟုတ်ဘဲ၊ ဆက်သွယ်ရေး၊ ကွန်ပျူတာ၊ အိုင်တီနည်းပညာကိရိယာများ တပ်ဆင်ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုရသော တစ်ဝက် ကုန်ချောအစိတ်အပိုင်း (Electronic Compoment Semi Prodwet) များဖြစ်၍ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်မှု အချိုးအစား ညီညွတ်မှုရှိပါသည်။

(ခ) **C.M.P လက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ** အဆိုပြုချက်တွင် ပထမနှစ်တွင် ကုန်ချော (၄)မျိုး ထုတ်လုပ်မည့်ဖြစ်ပြီး C.M.P လက်ခနှုန်းထားမှာ ဆီလျော်မှုရှိကြောင်း တွေ့ရှိရပါသည် -

ပစ္စည်းအမျိုးအစား	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား
1. Networking Dicretes	0.2 US$/Dz
2. Integrated Connections	0.16 US$/Dz
3. Telecom dicrete	0.04 US$/Dz
4. Power Magnetics	0.04 US$/Dz

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု၊စက်အင်အား၊လူအင်အားအချိုးအစားညီမျှမှုရှိ/မရှိ၊** အဆိုပြုချက်ပါ ပထမနှစ်တွင် ထုတ်လုပ်မည့် အရေအတွက်အား အောက်ပါအတိုင်း တွေ့ရှိရပါသည် -

ပစ္စည်းအမျိုးအစား	တစ်လထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ်လုပ်နိုင်မှု (၃၁၀) ရက်
1. Networking Dicretes	117416 Pcs	1409000 Pcs
2. Integrated Connections	146750 Pcs	1761000 Pcs
3. Telecom dicrete	391333 Pcs	4696000 Pcs
4. Power Magnetics	391333 Pcs	4696000 Pcs

စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် ထုတ်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်း (၁၅)မျိုး၊ စမ်းသပ်စစ်ဆေးရေးကိရိယာ (၂၁)မျိုးနှင့် စက်ပစ္စည်း ပြင်ဆင်ရေးစက်(၄)မျိုးတို့ တွေ့ရှိရပြီး ထုတ်လုပ်မှု ပစ္စည်း တစ်ခုချင်းစီအတွက် အပျက်အစီး (Reject) ၂% ရှိသဖြင့် နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အား အချိုးအစား ညီညွတ်မှုရှိပါသည်။

၃။ E&E Magnetic Products (Myanmar) Limited အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်း၍ ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူပြုနိုင်သဖြင့် CMP စနစ်ဖြင့် သံလိုက်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက် တင်ပြ အပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(မြင့်သိန်း၊ အတွင်းရေးမှူး)

(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၂/၂၂၀(ခ)(၆)/(၄၂၈ /၂၀၁၃)
ရက်စွဲ ၂၀၁၃ခုနှစ်၊ဇန်နဝါရီလ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **<u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇-၁၂-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(ခ)/န-၇၅၉/၂၀၁၂(၁၂၈၆၀-ခ)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဟောင်ကောင်၊ E & E Magnetic Holdings Ltd မှ မြန်မာနိုင်ငံတွင် E & E Magnetic Products (Myanmar) Ltd တည်ထောင်ရန် ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ လှိုင်သာယာစက်မှုဇုန်(၂) ၊ ကနောင်မင်းသားကြီး လမ်း၊ မြေကွက်အမှတ် (၂၄၀)ရှိ မြေဧရိယာ (၁.၄၇၁)ဧကအား ငှားရမ်းပြီး CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ နှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၏ ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့် အဆိုပြုလွှာအားစီစစ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ပေါ်လာမည့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရန် ထိန်းချုပ်ဆောင်ရွက်မည့်စီမံချက်များ ဖော်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရ ပါသည်။

၃။ အဆိုပြု လုပ်ငန်းတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်၌ သံလိုက် နှင့် အီလက်ထရောနစ် နည်းစနစ်အရ လုပ်ဆောင်သောပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းပြီး စက်ရုံ၌ တပ်ဆင်ခြင်း၊ ဒီဇိုင်းနှင့် သတ္တုပစ္စည်းများ ပြောင်းလဲထုတ်လုပ်ခြင်း၊ ၎င်းနှင့်ဆက်စပ်သော အပို အစိတ်အပိုင်း ပစ္စည်းများထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် အီလက်ထရောနစ် ပစ္စည်းများထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းဖြစ်သော ဆီလီနီယမ်သည် ကျန်းမာရေး ကို အထူးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းဖြစ်ပြီး ၊ မီးလောင်လွယ်ခြင်း ၊ စားစေတတ်ခြင်း၊ ဓာတ်ပြုလွယ်ခြင်း၊ ပေါက်ကွဲလွယ်ခြင်း၊ အဆိပ်သင့်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပြီး ပတ်ဝန်းကျင် နှင့် လူမှုကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ရာ အဆိုပြု လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင် ၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည့် နည်းလမ်းအစီအမံများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဟောင်ကောင်၊ E & E Magnetic Holdings Ltd မှ မြန်မာနိုင်ငံတွင် E & E Magnetic Products (Myanmar) Ltd တည်ထောင်ရန် ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ လှိုင်သာယာစက်မှုဇုန်(၂) ၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ် (၂၄၀)ရှိ မြေဧရိယာ (၁.၄၇၁)ဧကအား ငှားရမ်းပြီး CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ နှင့် အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်များ လိုက်နာဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အီလက်ထရောနစ် ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ အလုပ်သမားများ ဘေးအန္တရာယ် ကျရောက်မှု မရှိစေရေး နှင့် နစ်နာမှုမရှိစေရေးအတွက်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) ၊ ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ခြင်း (Health Impact Assessment) ၊ လူမှုရေး ထိခိုက်မှု ဆန်းစစ်ခြင်း (Social Impact Assessment) တို့ကို စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် အဖွဲ့အစည်းနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များ (Third Party) အား ပြုလုပ်ဆောင်ရွက်စေပြီး အစီရင်ခံစာ တင်ပြရန်၊

(ခ) ယင်းဆန်းစစ်ခြင်း အစီရင်ခံစာတွင် အလုပ်သမားများအတွက် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ၊ စက်ရုံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ စီမံခန့်ခွဲမှုများ နှင့်ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပုံမှန်တင်ပြ အစီရင်ခံခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးလုပ်ငန်း နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ကျခံမည့် ကုန်ကျစရိတ်များ ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံချက် (Environmental Management Plan - EMP) ရေးဆွဲတင်ပြရန်၊

(ဂ) ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရေးအတွက် အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်လိုက်လျောညီထွေ ဖြစ်စေရေးအတွက် အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံအားတည်ဆောက်ရန်၊

(ဃ) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတို့နှင့်အညီ လိုက်နာ ဆောင်ရွက်သွားရန်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(မျိုးဝင်း ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

D:\DTT\...\TTW\SEC-B\DSSY\DSSY(MIC)\Dssy (1-2013)(MIC)(3).doc

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊မအ/နဆစ/လသယ/၂၀၁၃(၂၄)
ရက်စွဲ၊၂၀၁၃ ခုနှစ်၊ မတ် လ(၇)ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **<u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇.၁၂.၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(ခ)/န-၇၅၉/၂၀၁၃(၁၂၈၆၀-၈)

၁။ ဟောင်ကောင်မှ E & E Magnetic Holdings Ltd. သည် မြန်မာနိုင်ငံတွင် E & E Magnetic Products (Myanmar) Ltd. တည်ထောင်ပြီး၊ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၂၄၀)တွင် CMP စနစ်ဖြင့် သံလိုက်နှင့်ပတ်သက်သောဆက်စပ်ပစ္စည်းများနှင့်အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့အဆိုပြုချက်တင်ပြခြင်းနှင့်စပ်လျဉ်း၍ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ကို ရည်ညွှန်းပါစာဖြင့် တောင်းခံလာပါသည်။

၂။ အဆိုပြုမြေနေရာကိုစိစစ်ရာ မြေကွက်အမှတ်(၂၄၀)၊ မြေဧရိယာ(၁.၇၇၁)ဧက ဖြစ်ပါသည်။ ယင်းမြေပေါ်တွင် (၆၀'x၁၂၀')ရှိ နှစ်ထပ်ရုံးခန်းနှင့် တစ်ဆက်တည်း (၁၅၇'x၂၀၃')ရှိ တစ်ထပ်အဆောက်အအုံ(၁)လုံး၊ ဂိတ်တဲ(၁)လုံး၊ မီးစက်ထားရန်အဆောက်အဦ(၁)လုံး၊ စက်ပြင်အဆောက်အဦ(၁)လုံးတို့ကို ဆောက်လုပ်ထားပါသည်။ E & E Magnetic Products (Myanmar) Ltd. မှ လုပ်ငန်းဆောင်ရွက်နေခြင်းမရှိသေးပါ။ (အဆိုပြုမြေကွက်နှင့် ပတ်ဝန်းကျင်အခြေအနေပြ မြေပုံကြမ်း ပူးတွဲတင်ပြထားပါသည်။)


၃။ အဆိုပါ မြေနှင့်အဆောက်အဦများအား မြေဂရန်အမည်ပေါက် ဦးသန်းမောင်+၅ ထံမှ E & E Magnetic Products (Myanmar) Ltd. က ငှားရမ်းအသုံးပြုထားခြင်းဖြစ်ပြီး၊ ယင်းငှားရမ်းမှုကို မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကန့်ကွက်ရန်မရှိပါ။

၄။ သို့ပါ၍- E & E Magnetic Products (Myanmar) Ltd. မှ လုပ်ငန်းဆောင်ရွက်မည့် မြေပေါ်အခြေအနေအား သိရှိနိုင်ပါရန်နှင့် ပတ်ဝန်းကျင်အနေအထားအရ ဖော်ပြပါမြေနေရာသည် အဆိုပြုလုပ်ငန်းဆောင်ရွက်နိုင်သော မြေအမျိုးအစားဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သည်ဟု ယူဆပါကြောင်း ပြန်လည်တင်ပြအပ်ပါသည်။

(မင်းထိန်)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို- ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊
မြေကွက်အမှတ်- ၂၄၀ ၏ တည်နေရာပြမြေပုံကြမ်း



E & E Magnetic Products (Myanmar) Ltd. မှ လုပ်ငန်းဆောင်ရွက်မည့်မြေနေရာ(၁. ၄၇၁ ဧက)(၆၄၀၇၈ စတုရန်းပေ)

အဆောက်အဦများ

မြေကွက်၏အလားအလာ

အရှေ့သို့လားသော်	-	ကနောင်မင်းသားကြီးလမ်း
အနောက်သို့လားသော်	-	မြေကွက်အမှတ်(၂၀၇)၊ (ဆ/ဦးရှိ-လုပ်ငန်းရှိ)
တောင်သို့လားသော်	-	မြေကွက်အမှတ်(၂၄၁)၊ (မြေကွက်လွတ်)
မြောက်သို့လားသော်	-	မြေကွက်အမှတ်(၂၃၉)၊ (ဆ/ဦးရှိ-လုပ်ငန်းရှိ)

Y7

Att: [illegible]

Fax 067-406333

“ နှစ်ဦးသဘောတူမြေနှင့်အဆောက်အဦးငှားရမ်းရန်ကတိစာချုပ်”

၂၀၁၂ ခုနှစ် ၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်ဖော်ပြပါ အငှားချထားသူ နှင့် အငှားယူသူတို့က ဤ“နှစ်ဦးသဘောတူ မြေနှင့်အဆောက်အဦးအား ငှားရမ်းရန်ကတိစာချုပ်”ကိုအောက်ပါ အတိုင်း ပြုလုပ်ချုပ်ဆိုကြပါသည်။

အငှားချထားသူများ ။ ။
(မြေနှင့်အဆောက်အဦး ပိုင်ရှင်များ)

၁။ ဦးသန်းမောင် (၁၂/လသန (နိုင်) ၀၁၆၂၄၀)
၂။ ဦးလှဆောင်း (LDA - ၀၀၅၂၈၅)
၃။ ဒေါ်မြင့်မြင့်ဝင်း (LDA - ၀၀၅၁၄၉)
၄။ ဒေါ်ခင်သိန်း (LDA - ၀၀၃၉၈၇)
၅။ ဒေါ်ခင်ထားရီ (G/RGN - ၀၀၂၂၃၆)
၆။ ဒေါ်သိန်းသိန်းမြ (LDA - ၀၀၂၄၅၉)

အမှတ် (၂၄၀) ၊ ကနောင်မင်းသားကြီးလမ်း ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး ။

အငှားယူသူ ။ ။ E & E Magnetic Products (Myanmar) Ltd.

....

....

....

(အထက်အမည်ပါ အငှားချထားသူ ဟု ဆိုရာ၌လည်းကောင်း ၊ အငှားယူသူ ဟု ဆိုရာ၌ လည်းကောင်း ၄င်းတို့အသီးသီး ကိုယ်တိုင်အပြင် ၊ ၄င်းတို့၏အမွေစားအမွေခံ ဆက်ခံသူများ ၊ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ ၊ ပစ္စည်းတွင် စီမံအုပ်ချုပ်သူများ အားလုံး ပါဝင်ကြသည်ဟု မှတ်ယူရမည်။)

“ အငှားချထားသည့် ပစ္စည်းစာရင်း ”

“ ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ လှိုင်သာယာစက်မှုဇုန် (၂) ၊ ကနောင်မင်းသားကြီးလမ်း အမှတ် (၂၄၀) ဟုခေါ်သော နှစ် (၆၀) ဂရန်မြေအမျိုးအစား ၊ အကျယ်အဝန်း (၁၈၄ ပေ × ၃၂၂ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် (၂၄၀) ၊ ကနောင်မင်းသားကြီးလမ်း၊ လှိုင်သာယာမြို့နယ်၊

၂/သို့

8/7

အဆောက်အဦး(စက်ရုံ)(၁)လုံး၊(၆၀ပေ×၁၂၀ပေ)
ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော (၁၅၈ ပေ × ၂၀၂ ပေ) အဆောက်အဦး(စက်ရုံ)(၁)လုံး၊ Tranformer 500 KVA နှင့် ဆက်စပ်လျှက်ရှိသော Pannel Box , Braker
(၂)ထပ် အဆောက်အဦး (၁) လုံး ၊ Tranformer 500 KVA နှင့် ဆက်စပ်လျှက်ရှိသော ဂျိုးဖြူရေနှင့် တယ်လီဖုန်းအမှတ်
အစရှိသည့် ဆက်စပ်ပစ္စည်းများ ၊ အဝီစိရေ (ရေမော်တာ (၁) လုံး) ၊ ဂျိုးဖြူရေနှင့် တယ်လီဖုန်းအမှတ်
(၆၈၂၈၀၆ ၊ ၆၈၂၈၀၆) တယ်လီဖုန်း (၂) လုံး ။ "

အထက်အမည်ပါ အငှားချထားသူ(ပိုင်ရှင်)နှင့် အငှားယူသူတို့သည် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူ
ညီကြပြီးအောက်ပါ စည်းကမ်းချက်များအတိုင်း ဤစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

၁။ အငှားချထားသူ(ပိုင်ရှင်) သည် အငှားချထားသည့်ပစ္စည်းဖြစ်သော အထက်ဖော်ပြပါမြေနှင့်အဆောက်
အဦးကို တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းကြောင်း မိမိတို့တွင် အတားအဆီးအချုပ်အနှောင်
တစ်စုံတစ်ရာမရှိ အငှားချထားပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျှက် အထက်ဖော်ပြပါမြေနှင့် အဆောက်အဦးကို
(၁-၃-၂၀၁၃) ရက်နေ့မှ (၂၈ - ၂ - ၂၀၂၃) ရက်နေ့အထိ (၁၀) နှစ်တိတိငှားရမ်းကာလသတ်မှတ်ပြီး
(၂၈-၂-၂၀၁၉)ရက်နေ့ (ငှားရမ်းကာလ ပထမ (၆) နှစ်) ပြည့်ပြီးပါက ဆက်လက်ငှားရမ်းရန်အတွက်
ငှားရမ်းခငွေများ စည်းကမ်းချက်များကို နှစ်ဦးနှစ်ဘက်ညှိနှိုင်း၍ ဆက်လက်ငှားရမ်းရန်သဘောတူညီပါသည်။

၂။ ထိုသို့ ငှားရမ်းရာတွင် ငှားရမ်းခငွေအဖြစ် (၁ - ၃ - ၂၀၁၃) ရက်နေ့မှ (၂၈ - ၂ - ၂၀၁၅)
ရက်နေ့အထိ ပထမ (၂) နှစ်အတွက် တစ်လလျှင်ငွေကျပ် (၃၀,၀၀,၀၀၀/-) (ကျပ်သိန်းသုံးဆယ်တိတိ)နှုန်းဖြင့်
(၂)နှစ်စာအတွက် ငှားရမ်းခငွေကျပ်(၇၂,၀၀၀,၀၀၀/-)(ကျပ်သိန်းခုနှစ်ရာ့နှစ်ဆယ်တိတိ) ဖြင့် လည်းကောင်း ၊
(၁ - ၃ - ၂၀၁၅) ရက်နေ့မှ (၂၈ - ၂ - ၂၀၁၇) ရက်နေ့အထိ ဒုတိယ (၂) နှစ်အတွက်တစ်လလျှင်
ငွေကျပ် (၃,၃၀၀,၀၀၀/-)(ကျပ်သုံးဆယ့်သုံးသိန်းတိတိ)နှုန်းဖြင့် (၂) နှစ်စာအတွက်ငှားရမ်းခငွေကျပ်
(၇၉,၂၀၀,၀၀၀/-)(ကျပ်ခုနှစ်ရာကိုးဆယ့်နှစ်သိန်းတိတိ)ဖြင့်လည်းကောင်း ၊
(၁ - ၃ - ၂၀၁၇) ရက်နေ့မှ (၂၈ - ၂ - ၂၀၁၉) ရက်နေ့အထိ တတိယ (၂) နှစ်အတွက်တစ်လျှင်
ငွေကျပ် (၃,၆၃၀,၀၀၀/-)(ကျပ်သုံးဆယ့်ခြောက်သိန်းသုံးသောင်းတိတိ)နှုန်းဖြင့် (၂)နှစ်စာအတွက်
(၈၇,၁၂၀,၀၀၀/)(ကျပ်ရှစ်ရာခုနှစ်ဆယ့်တစ်သိန်းနှစ်သောင်းတိတိ)ဖြင့်လည်းကောင်းငှားရမ်းသွားရန် နှစ်ဦးနှစ်ဘက်
သဘောတူညီကြပါသည်။

၃။ (၁ - ၃ - ၂၀၁၃)ရက်နေ့မှ (၂၈ - ၂ - ၂၀၁၅) ရက်နေ့အထိ ပထမ (၂) နှစ်စာအတွက်
ငှားရမ်းခကို (၂၀ - ၂ - ၂၀၁၃)နေ့တွင်ပေးချေရမည်ဖြစ်ပြီး ငှားရမ်းကာလ ပထမ (၂) နှစ် မပြည့်မီ (၂)

(7.11)
13 -> 15 (၂) နှစ် ၃.၀၀ 42352.94
46588.24 (7.83)
15 -> 17 ၂ နှစ် ၃-၃ သိန်း 51247.05 (8.60)
17 -> 19 ၂ နှစ် ၃.၆၃ သိန်း
ငှားရမ်းကာလ ၆ နှစ်

3/7

လကြိုတင်၍ (၁ - ၃ - ၂၀၁၅) ရက်နေ့မှ (၂၈ - ၂ - ၂၀၁၇) ရက်နေ့အထိ ဒုတိယ (၂) နှစ်အတွက် ရမ်းခကျသင့်ငွေကို ပေးချေရပါမည်။ ငှားရမ်းကာလ ဒုတိယ (၂) နှစ်မပြည့်မီ (၂) လကြိုတင်၍ (၁ - ၃ - ၂၀၁၇) ရက်နေ့မှ(၂၈ - ၂ - ၂၀၁၉)အထိ တတိယ(၂)နှစ်အတွက် ငှားရမ်းခကျသင့်ငွေကျပ်ကို ပေးချေရမည်ဖြစ်ကြောင်းနှစ်ဦး နှစ်ဖက်သဘောတူညီကြပါသည်။

၄။ အငှားချထားသူမှ အကြောင်းအမျိုးမျိုးကြောင့် အထက်ပါမြေနှင့် အဆောက်အဦးအား ငှားရမ်းမှုပျက်ကွက်ခဲ့ပါက အငှားယူသူပေးချေထားသောစရံငွေအားလုံး၏ (၂) ဆအား အငှားချထားသူမှ ပြန်လည်ပေးလျော်ရမည်ဖြစ်ပြီးအငှားယူသူဘက်မှ အကြောင်းအမျိုးမျိုးကြောင့် ငှားရမ်းမှုပျက်ကွက်ခဲ့ပါက အငှားယူသူပေးချေထားခဲ့သော စရံငွေများအားလုံးကို အငှားယူသူသည်အဆုံးရှုံးခံရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံကတိပြုကြပါသည်။

၅။ ငှားရမ်းသည့်မြေနှင့်အဆောက်အဦးပေါ်တွင် အငှားယူသူမှ နိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီသည့်လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိပြီး တည်ဆဲဥပဒေ၊ညွှန်ကြားချက်များနှင့်မကိုက် ညီသောလုပ်ငန်းများ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ညိစွန်းသည့်လုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရ။ အထက်ပါစည်းကမ်းချက်ကို ချိုးဖောက်၍အငှားယူသူသည် တားမြစ်ထားသည့်လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခဲ့ပါက ဖြစ်ပေါ်လာသောကိစ္စအရပ်ရပ်(အားလုံး)သည် အငှားယူသူ၏တာဝန်သာဖြစ်ပြီး ထိုကဲ့သို့ ဥပဒေနှင့်မညီညွတ်သည့် လုပ်ငန်းများဆောင်ရွက်သဖြင့် ဥပဒေအရ အရေးယူမှုတစ်စုံတစ်ရာ ပြုလုပ်သည့်နေ့မှစ၍ ငှားရမ်းခြင်းကာလပြတ်စဲသည်ဟု အငှားယူသူမှနားလည်သဘောပေါက်ကြောင်းဝန်ခံကတိပြုပါသည်။

၆။ ငှားရမ်းသည့်ကာလအတွင်း အငှားယူသူမှ နိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ညိစွန်းသည့် လုပ်ငန်းတစ်စုံတစ်ရာ ပြုလုပ်ခြင်းကြောင့် ငှားရမ်းထားသည့်မြေနှင့်အဆောက်အဦးကို အစိုးရမှ ချိပ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း အစရှိသည့်အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်ခြင်းကြောင့် ပေါ်ပေါက်လာသည့် နစ်နာဆုံးရှုံးမှုအားလုံးအတွက် မြေနှင့်အဆောက်အဦး၏ ကာလတန်ဖိုးအပြင် နစ်နာကြေးငွေကိုပါ အငှားယူသူမှ အငှားချထားသူအား ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၇။ အငှားယူသူသည် အငှားချထားသော မြေနှင့်အဆောက်အဦးကိုသော်လည်းကောင်း၊ ထိုမြေနှင့်အဆောက်အဦး၏ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ အခြားမည်သူ့ကိုမျှ တဆင့်ပြန်လည်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ပါဟု ဝန်ခံကတိပြုပါသည်။

4/7

၈။ ငှားရမ်းသည့်မြေနှင့်အဆောက်အဦးတွင် ငှားရမ်းထားသည့်ကာလအတွင်း အငှားယူသူသည် သန်းခေါင်စာရင်းပြုလုပ်၍ နေထိုင်ခြင်းမပြုရပါ။ ဧည့်စာရင်းဖြင့်သာနေထိုင်ရမည်ဖြစ်ပြီး ဧည့်စာရင်းတိုင် ကြားခြင်းကိစ္စများကို အငှားချထားသူမှ တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် သဘောတူညီကြပါသည်။

၉။ ငှားရမ်းသည့်မြေနှင့်အဆောက်အဦးတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ် (၆၈၂၈၀၆၊ ၆၈၂၈၁၆)၊ Transformer 500 KVA နှင့်ဆက်စပ်လျှက်ရှိသော Pannel Box, Breaker အစရှိသည့် ဆက်စပ်ပစ္စည်းများ၊ ဂျိုးဖြူရေနှင့် ကိုယ်ပိုင်အဝီစိရေ (ရေမော်တာ(၁) လုံး) တို့ကို အငှားယူသူအား သုံးစွဲခွင့်ပြုပါသည်။ငှားရမ်းသည့်ကာလအတွင်း သုံးစွဲသော ရေခွန်၊ လျှပ်စစ်မီတာခ၊ တယ်လီဖုန်းအခွန်အခ၊ စည်ပင်သာယာအခွန်အခများ၊ လုပ်ငန်းခွန်များနှင့် ငှားရမ်းစဉ်တာလအတွင်း ကောက်ခံသည့် အလှူငွေထည့်ဝင်ရန်ကိစ္စရပ်များကို အငှားယူသူမှသာ ပေးဆောင်ရမည်ဟု ဝန်ခံကတိပြုပါသည်။အငှားချထားသူသည် မြေခွန်၊ ပြင်ထိန်းခွန်များကို ပေးဆောင်ရမည်ဖြစ်ပါသည်။

၁၀။ အငှားယူသူသည် ငှားရမ်းသည့်မြေနှင့်အဆောက်အဦးတွင် အဆောက်အဦးတစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းတို့ ပြုလုပ်လိုပါက အငှားချထားသူအား ညှိနှိုင်း၍ အခွင့်တောင်းခံရမည်။ အငှားချထားသူများမှ ခွင့်ပြုမှသာလျှင် အငှားယူသူမှ ပြုလုပ်နိုင်ပါသည်။တိုသို့ပြုလုပ်ရာတွင်လည်း အငှားယူသူ၏ စရိတ်ဖြင့်သာ ပြုလုပ်ရပါမည်။ အငှားယူသူသည် ငှားရမ်းသည့်ကာလ ကုန်ဆုံးသည့်အချိန်တွင် အငှားယူသူဆောက်လုပ်ထားသည့် အဆောက်အဦးများ (မြေတွင် အသေတွယ်ကပ်ဆောက်လုပ်ထားသော အဆောက်အဦးများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ) ကို ပြန်လည်ဖြုတ်ယူ သယ်ဆောင်သွားခြင်းမပြုရပဲ အငှားယူသူတပ်ဆင်ထားသော လျှပ်စစ်မီးလိုင်းများ၊ စက်တန်းများ၊ [illegible]ယ်ကြိုးများ၊ စသည့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုသာ ပြန်လည် ဖြုတ်ယူသယ်ဆောင်ခွင့်ရှိကြောင်း နှစ်ဦးနှစ်ဖက် သဘောတူ ဝန်ခံကတိပြုပါသည်။

၁၁။ အငှားယူသူသည် အငှားချထားသူ၏ သဘောတူညီချက်ဖြင့် ငှားရမ်းသည့်မြေနှင့်အဆောက်အဦးတွင် အဆောက်အဦးတစ်စုံတစ်ရာဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများသို့ လျှောက်ထားပေးခြင်း၊ ပိုင်ဆိုင်မှုအထောက်အထား တင်ပြခြင်း စသည့်ကိစ္စများကို လိုအပ်လျှင် အခါအားလျော်စွာ အငှားချထားသူမှအခကြေးငွေတစ်စုံတစ်ရာမယူပဲ အငှားယူသူ၏ စရိတ်ဖြင့် လိုက်လံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကိုလည်း နှစ်ဦးနှစ်ဖက်သဘောတူညီကြပါသည်။

၁၂။ အငှားယူသူသည် လျှပ်စစ်မီး သုံးစွဲရာတွင်လည်းကောင်း၊ ငှားရမ်းသည့်အဆောက်အဦးအား အသုံးပြုရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအသီးသီး၏ ချမှတ်ညွှန်ကြားထားသည့် စည်းကမ်းချက်များ၊ ဥပဒေများနှင့်

၅/သို့

5/7

အညီသာလျှင် လိုက်နာအသုံးပြုရပါမည်။အငှားယူသူ၏ပေါ့ဆမှုကြောင့်ဖြစ်စေ၊ နည်းလမ်းတကျ သုံးစွဲမှု မဟုတ်၍ဖြစ်စေ အငှားချထားသည့် လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ထရန်စဖော်မာများ အငှားချထားသည့် အဆောက်အဦးများ၊ အစရှိသည့် အငှားချထားသည့်ပစ္စည်းများ မီးလောင်ကျွမ်းခြင်း (သို့မဟုတ်) ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပွားပါက ထိုပျက်စီး ဆုံးရှုံးမှု အဝဝအတွက် အငှားယူသူမှ ပေးလျော်ရပါမည်ဟု ဝန်ခံကတိပြုပါသည်။

၁၃။ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်တစ်စုံတစ်ခုကြောင့် အငှားချထားသည့်ပစ္စည်း ပျက်စီးခဲ့ပါက အငှားယူသူတွင် တာဝန်မရှိစေရဘဲ အငှားချထားသူမှသာ ပြန်လည်ညှိနှိုင်း ပြုပြင်ပေးရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၁၄။ ငှားရမ်းသည့်မြေနှင့်အဆောက်အဦးအား ငှားရမ်းသည့်ကာလပြည့်ပြီးနောက် အငှားယူသူမှ ဆက်လက်ငှားရမ်းလိုလျှင်သော်လည်းကောင်း၊ အငှားချထားသူမှ ဆက်လက်ငှားရမ်းလိုခြင်း မရှိတော့လျှင် သော်လည်းကောင်း၊ ငှားရမ်းသည့်သက်တမ်း ၊ မကုန်ဆုံးမီ (၃) လကြိုတင်၍ နှစ်ဦးနှစ်ဖက် အကြောင်းကြားရပါမည်။ဆက်လက်၍ ငှားရမ်းလိုပါက ဆက်လက်ငှားရမ်း မည့်ကာလအတွက် ငှားရမ်းခငွေများ၊ စည်းကမ်းချက်များကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်၍ ဆက်လက်ငှားရမ်းရန် ဝန်ခံကတိပြုပါသည်။

